# National Unity Government of Myanmar
# Ministry of Human Rights

# တကျော့ပြန် ၁၀၂၇ စစ်ဆင်ရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ

13-August-2024

## တကျော့ပြန် ၁၀၂၇

၂၀၂၄ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့၌ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်တွင် အကြမ်းဖက်စစ်အုပ်စုနှင့် တိုက်ပွဲများ တကျော့ပြန် စတင်ခဲ့သည်။ ကျောက်မဲမြို့အပြင် နောင်ချို၊ မိုးမိတ်၊ သီပေါနှင့် မန္တလေးတိုင်းအတွင်းရှိ မိုးကုတ်မြို့များတွင်ပါ စစ်ဆင်ရေး ဒုတိယလှိုင်း စတင်ခဲ့သည်။ ဇွန်လ (၂၅)ရက်နေ့၊ မနက်ပိုင်းမှ စတင်ကာ တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး ကျောက်မဲမြို့ နေရာအနှံ့မှာ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုများကြောင့် နေ့စဉ်နီးပါး သေဆုံးမှုများ ရှိနေခဲ့သည်။



*ကျောက်မဲမြို့တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ပျက်စီးသွားသည့် အောင်မြေသာယာ ဘုန်းတော်ကြီးကျောင်းအား ၂၀၂၄ ခုနှစ် ဇွန်လ (၂၅) ရက်နေ့က တွေ့ရစဉ်။ (Source : RFA)*

## ရှမ်းပြည်မြောက်ပိုင်း အခြေအနေများ

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင် အကြမ်းဖက်စစ်အုပ်စုနှင့် တအာင်းအမျိုးသားတပ်မတော် – TNLA ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲပြင်းထန်လျက်ရှိသည့် အခြေအနေတွင် အကြမ်းဖက်စစ်အုပ်စုမှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်မှာ အုတ်ကျင်း ရပ်ကွက်ရှိ နေအိမ်တစ်လုံးဘေး ကျရောက်ပေါက်ကွဲကာ (၃)နှစ်အရွယ် ကလေးတစ်ဦး အပါအဝင် အမျိုးသမီး (၅)ဦး ၊ အမျိုးသား (၁)ဦး စုစုပေါင်း (၆)ဦး သေဆုံးခဲ့သည့်အပြင် ကလေး (၂)ဦးအပါအဝင် (၅)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် စစ်သည် မျှော်လင့်မထားသည့်အချိန်တွင် ကျောက်မဲမြို့အတွင်းသို့ ရောက်ရှိလာခဲ့သည်။

အကြမ်းဖက်စစ်အုပ်စုနှင့် တအာင်းအမျိုးသား တပ်မတော် – TNLA ပူးပေါင်းတပ်ဖွဲ့တို့ကြား နှစ်ဖက်တိုက်ပွဲများ ပြင်းထန်လျက်ရှိနေစဉ် မြို့ပေါ် ရပ်ကွက်များ အတွင်းသို့ လက်နက်ကြီး ကျည်များ ကျရောက်ပေါက်ကွဲခြင်း၊ လေကြောင်းဗုံးကြဲ တိုက်ခိုက်ခံရခြင်းတို့ကြောင့် အရပ်သားပြည်သူ (၁၂၀၀၀)ကျော်မှာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည့်အပြင် တစ်ပတ်အတွင်း လက်နက်ကြီးနှင့် လေကြောင်းဗုံးကြဲ တိုက်ခိုက်မှုများကြောင့် မိသားစုလိုက် ထိမှန်သေဆုံးမှု မြင့်တက်နေပြီး ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂) ရက်နေ့အထိ အရပ်သား (၃၀) ဦး ထက်မနည်း သေဆုံးခဲ့ရကြောင်း လူမှုကူညီရေးအသင်းများ၏ ပြောဆိုချက်အရ သိရသည်။[၁]

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့၌ လားရှိုးခရိုင်၊ လားရှိုးမြို့ကို စတင်၍ တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများမှာ ရုတ်တရက် ပြန်လည် မြင့်တက်လာခဲ့သည်။ ဇွန်လအတွင်း လေကြောင်းတိုက်ခိုက်ခံရမှု အကြိမ်ရေပေါင်း (၃၅) ကြိမ်ခန့်မှ ဇူလိုင်လအတွင်း အကြိမ်ရေပေါင်း (၂၂၀)ကျော်အထိ ရုတ်တရက် မြင့်တက် သွားသည့်အတွက် အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့ အားသာသည့် လေကြောင်းတိုက်ခိုက်မှုကို ဆိုးဆိုးဝါးဝါး အသုံးပြုလာသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

## လားရှိုး အလွန်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လဆန်းတွင် လားရှိုးမြို့ကို ကိုးကန့်တပ်မတော် (MNDAA) နှင့် ပူးပေါင်းမဟာမိတ်တပ်ဖွဲ့ တို့က သိမ်းယူရရှိပြီးနောက် အကြမ်းဖက် စစ်အုပ်စု၏ အပြစ်မဲ့ ပြည်သူများအပေါ် ထားရှိသည့် အနိုင်ကျင့်တိုက်ခိုက်မှုများ ပိုမိုဆိုးရွားလာခဲ့သည်။ ၎င်းတို့၏ အားသာချက်ဖြစ်သော လေကြောင်း တိုက်ခိုက်မှုများကို လူစည်ကားရာနေရာများသို့ ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့သည့်အပြင် လူအများ အိပ်စက်နားနေချိန်များတွင်ပါ တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ခံရမှု ပိုမိုဆိုးရွားလာခဲ့သည်။

## ဆိုးရွားရက်စက်လှသည့် တိုက်ခိုက်မှုများ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်၊ ညနေ (၄) နာရီတွင် လားရှိုးခရိုင်၊ သိန္နီမြို့၊ မြို့မဈေးကို တိုက်လေယာဉ်နှင့် ဗုံး (၆) လုံး ကြဲချတိုက်ခိုက်ခဲ့သည့်အတွက် ရှမ်းတိုင်းရင်းသား များ ဒီမိုကရေစီ အဖွဲ့ချုပ် မြို့နယ်တွဲဖက်အတွင်းရေးမှူး အပါအဝင် အရပ်သား (၇)ဦးထက် မနည်း သေဆုံးပြီး (၁၃) ဦးထက်မနည်းဒဏ်ရာရရှိခဲ့သည်။

၁။ https://www.facebook.com/shannewsburmese/posts/pfbid02kPAeYqFKVWMkKVQZnGPifhisd1Bn-q2qbgVEn7ec5TXXnuEPPsiFuy5tSJjQ9BMCKl



သိန္နီဈေးဖုံးကြဲခံရမှုကြောင့် ပျက်စီးသွားသည့် ဈေးဆိုင်ခန်းများ။ (Source : Lashio Media)[၂]

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့ နံနက် (၂) နာရီဝန်းကျင်တွင် ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ သန္နီမြို့တွင်းသို့ အကြမ်းဖက် စစ်အုပ်စုမှ လေယာဉ်ဖြင့် ပေါင် (၅၀၀) ဖုံးကြဲချတိုက်ခိုက်မှုကြောင့် ကလေး (၁)ဦး အပါအဝင် (၂)ဦးသေဆုံးကာ (၅) ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဇူလိုင်လ (၂၈) ရက်နေ့တွင် ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ မန်ဆူဘုန်းကြီးကျောင်းထဲသို့ အကြမ်းဖက်စစ်အုပ်စုမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်သောကြောင့် သိန္နီမြို့နယ်မှ စစ်ရှောင်လာကြပြီး ဘုန်းကြီးကျောင်းတွင်နေထိုင်သည့် စစ်ဘေးရှောင်ပြည်သူ (၅)ဦးအပါအဝင် အရပ်သားပြည်သူ (၆)ဦး သေဆုံးခဲ့သည်။



အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သော နေအိမ်။ (Source : Shwe Phee Myay News Agency )[၃]

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့၊ မွန်းလွဲ (၃)နာရီ (၅) မိနစ်၊ (၁၁) မိနစ်၊ (၂၀) မိနစ်နှင့် (၃၀)မိနစ်ခန့်တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တအောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကွတ်ခိုင်မြို့၊ မြို့လယ် လမ်းဆုံ၊ ကွတ်ခိုင်မြို့မဈေး နှင့် မြို့အတွင်းသို့ အကြမ်းဖက်စစ်အုပ်စုမှ ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ပေါင် (၅၀၀) ဗုံးသီး (၄)လုံးကြဲချတိုက်ခိုက်ခဲ့သောကြောင့် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသား (၃)ဦး၊ မြို့လယ်ရှိ ဒေသခံ (၂)ဦး စုစုပေါင်း ပြည်သူ (၅)ဦး သေဆုံးခဲ့ရပြီး ပြည်သူ (၁၂)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထို့အပြင် မြို့တွင်းရှိ ပြည်သူနေအိမ် (၅) လုံးထက်မနည်းနှင့် မြို့မဈေးရှိ ဆိုင်ခန်းပေါင်း (၄၀၀)ကျော်လည်း မီးလောင်ပျက်စီးခဲ့ရသည်။

## ပြည်သူများ ထိခိုက်ခံရမှု အခြေအနေ

ကောက်ယူရရှိသည့် စာရင်းများအရ ဇူလိုင်လအတွင်း ကျောက်မဲ၊ လားရှိုး၊ မိုးမိတ်၊ နောင်ချို၊ သီပေါ၊ သိန္နီမြို့နယ်များတွင် အကြမ်းဖက်စစ်ကောင်စီကြောင့် သေဆုံးသူ အရပ်သားပြည်သူ (၉၀)ဦးရှိကာ ဒဏ်ရာရရှိသူ (၈၅)ဦးရှိခဲ့သည်။ (Source : PSLF) ဩဂုတ်လ (၇)ရက်နေ့ထိ ရရှိခဲ့သော စာရင်းများအရ သေဆုံးသူ (၁၃)ဦး ရှိခဲ့ပြီး ဒဏ်ရာရရှိသူမှာလည်း (၁၃) ဦးဖြစ်သည်။ (Source : PSLF) ထို့အပြင် အိမ်များ၊ ဈေးများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများကို ဦးတည် တိုက်ခိုက်မှုများ ရှိနေသည့်အတွက် ပျက်စီးဆုံးရှုံးမှုမှာ များပြားလှပါသည်။ (စာရင်းများအရ အချို့ မြေပြင်တွင် စာရင်းကောက်ယူမရနိုင်သည့် အနေအထားဖြစ်သည့်အတွက် လက်ရှိမြေပြင်တွင် ယခုထက် ပို၍ များပြားနိုင်ပါသည်။)

၂။ https://www.irrawaddy.com/news/war-against-the-junta/eight-shan-civilians-killed-in-myanmar-junta-airstrike-csos.html
https://www.facebook.com/LashioMediaNewsOne
၃။ https://www.facebook.com/photo/?fbid=817314260575840&set=pcb.817316827242250





*ကွတ်ခိုင်မြို့နယ်တွင် လေကြောင်းတိုက်ခိုက်ခံရမှုများကြောင့် အသက်ပေးခဲ့ရသည့် အပြစ်မဲ့ ပြည်သူများ။*
*(Source : PSLF)*